# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၆.၅၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ငွေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထေးရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးကျွဲန်ခန်း၊ ချင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးမောင်စိန်၊

တနသ်ာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်

မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ ကရပွိချောင်းကူးတံတားကို အသစ်ပြန်လည်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က သံဖြူဇရပ်မြို့နယ်၊ ကရပွိချောင်းကူးတံတားကို အသစ်ပြန်လည်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရပွိကျေးရွာ ချောင်းကူးတံတားပဲဖြစ်ပါတယ်ခင်ဗျား။ ဒီတံတားနှင့် ပတ်သက်၍ ၁၂-၃-၂၀၁၂ ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့သော အကြောင်းအရာဖြစ်သောကြောင့် အချိန်အားဖြင့် (၂)နှစ် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီတံတားအကြောင်းကို ကျွန်တော် အနည်းငယ်တင်ပြလို ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရပွိကျေးရွာသည် သံဖြူဇရပ်မြို့နယ်တွင် ရွာကြီး တစ်ရွာဖြစ်ပါတယ်။ ယင်းရွာနှင့် တစ်ဆက်တည်း ရွာကြီး၊ ရွာငယ်ပေါင်း(၁၀)ရွာခန့် ရှိပါတယ်။ ယခင်တံတားမရှိခင် ကရပွိချောင်းကို ဖြတ်သန်းသော ရထားကူးလမ်းတံတားကိုသာ အားကိုးနေရ ပါတယ်။ ရထားသံလမ်း(၂)ခုကြားတွင် သစ်အမာခင်းပြီး စက်တပ်ယာဉ်အမျိုးမျိုး၊ နွားလှည်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာနေရပါသည်။ အလွန်အန္တရာယ်ကြီးမားသောကြောင့် တံတားတစ်စင်း တည်ဆောက်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျေးရွာများ စုပေါင်းထည့်ဝင်ငွေ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပေအရှည်(၃၆၅)ပေ၊ အကျယ် (၁၄)ပေ၊ အမြင့်(၁၈)ပေ ကုန်ကျ ငွေသိန်းပေါင်း (၃၈၀၀)ခန့် ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခဲ့ပါတယ်။ တံတားကို ၂၀၁၀ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျေးလက်နေ ပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ပါတယ်။ သို့သော် စံချိန်စံညွှန်းမပြည့်မီသောကြောင့် အချိန်ကြာလာသည်နှင့် အမျှ အန္တရာယ်နဲ့ကြုံတွေ့နိုင်ပါတယ်။ ထို့ကြောင့် ကရပွိတံတားကိစ္စကို ၁၂-၃-၂၀၁၂ ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရာတွင် နယ်စပ်စည်ပင် ပြည်ထောင်စုဝန်ကြီးက ကရပွိတံတား ပြန်လည်ပြင်ဆင်ရန်အတွက် မြို့နယ်စည်ပင်ကို ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် လွှတ်တော်နားချိန်တွင် သံဖြူဇရပ်မြို့သို့ ပြန်ရောက်ပြီး မြို့နယ်စည်ပင်အမှုဆောင်အရာရှိထံသို့ သွားရောက်မေးမြန်းရာ အမှုဆောင်အရာရှိက ကရုပ္ပိတံတားပြန်လည်ပြင်ဆင်ရန်အတွက် မြို့နယ်ခွင့်ပြုချက် ရန်ပုံငွေဖြင့် မလုံလောက်နိုင်ကြောင်း၊ ပြည်ထောင်စုခွင့်ပြုချက် ရန်ပုံငွေဖြင့်သာ ပြုပြင်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ထို့ကြောင့် ကျွန်တော်သည် ၇-၈-၂၀၁၃ ရက်နေ့တွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ထပ်မံမေးမြန်းရာတွင် နယ်စပ်စည်ပင်ဌာန၊ ဒုတိယဝန်ကြီးက ကရုပ္ပိတံတားပြန်လည်ပြင်ဆင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချက် ရန်ပုံငွေကျပ်သန်းပေါင်း(၂.၈)သန်း ခွင့်ပြုမည်ဖြစ်ကြောင်း ဖြေကြားခဲ့ရာ ၎င်းတံတား၏ ကုန်ကျစရိတ်ကို ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေလုံးငွေရင်းအသုံးစရိတ် စိစစ် အဆိုတင်ပြချက်တွင် ပါရှိလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရုပ္ပိတံတားနှင့် ပတ်သက်၍ ကျွန်တော်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူးနှင့် တွေ့ဆုံရာတွင် ကရုပ္ပိတံတားသည် သက်တမ်းအားဖြင့်(၄)နှစ်လောက်သာရှိသေးသော်လည်း တံတား၏အောက်ခြေပိုင်းတွင် ခိုင်ခန့်မှု လုံးဝမရှိသောကြောင့် နိုင်ငံတော်က ချပေးသောခွင့်ပြုရန်ပုံငွေ (၂.၈)သန်းလောက်နှင့် ပြန်လည်ပြင်ဆင်ရန် မလုံလောက်နိုင်ကြောင်း သိရှိရပါတယ်။ ထို့ကြောင့် ကရုပ္ပိတံတားကို ပြန်လည်ပြင်ဆင်သည်ထက် အသစ်ပြန်ဆောက်ရန် လိုအပ်သောကြောင့် တံတားအသစ်ပြန်ဆောက်ရန် လုံလောက်သော ခွင့်ပြုချက်ရန်ပုံငွေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ရန်ပုံငွေချပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ကျောင်းသား/ကျောင်းသူများ နေထိုင်ရန် အဆောင်များလုံလောက်စွာ ထားရှိပေးခြင်း ရှိ / မရှိ၊ အဆင့်မြင့် သုတေသန ဓာတ်ခွဲခန်းတစ်ခု ဖွင့်လှစ်ထားရှိပေးခြင်း ရှိ / မရှိနှင့် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များတွင် အသုံးပြုရန် မော်တော်ယာဉ်သစ်များ လုံလောက်စွာ ဝယ်ယူဖြည့်တင်းထားခြင်း ရှိ /မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး တိုးမင်းထွန်း က မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ကျောင်းသား/ကျောင်းသူများ နေထိုင်ရန် အဆောင်များလုံလောက်စွာထားရှိပေးခြင်း ရှိ/မရှိ၊ အဆင့်မြင့် သုတေသန ဓာတ်ခွဲခန်းတစ်ခု ဖွင့်လှစ်ထားရှိပေးခြင်း ရှိ/မရှိနှင့် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များတွင် အသုံးပြုရန် မော်တော်ယာဉ်သစ်များ လုံလောက်စွာ ဝယ်ယူဖြည့်တင်းထားခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဗိုလ်မှူးတိုးမင်းထွန်း( တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းအပေါင်းနှင့် ပြည့်ဝကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၂၅၃၀၉ ဗိုလ်မှူးတိုးမင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)နဲ့ စပ်လျဉ်းပြီး မေးခွန်းများမေးမြန်း သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အင်္ဂလိပ်စကား အသုံးအနှုန်း အနည်းငယ် အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ လူဦးရေတိုးပွားလာခြင်း၊ အသားငါးစားသုံးမှုမြင့်တက် လာခြင်းတို့ကြောင့် သားငါးကဏ္ဍဖွံ့ဖြိုးရေးဟာ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ဖြစ်တဲ့အပြင် ပြည်ပပို့ကုန်တိုးမြှင့်လာရေးအတွက်လည်း အရေးပါသော ကဏ္ဍဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူလူထုကိုအခြေပြုပြီး ဆင်းရဲမှုနှုန်းကို ၂၀၁၅ ခုနှစ်မှာ (၁၆)ရာခိုင်နှုန်းအထိလျှော့ချနိုင်ဖို့၊ ကျေးလက်ဒေသဖွံ့ဖြိုးလာစေဖို့၊ ကျေးလက်နေ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ကျေးလက်မြို့ပြကွာဟမှု ကျဉ်းမြောင်း လာစေဖို့ မျှော်မှန်းထားကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကာလမှာ သားငါးကဏ္ဍရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် (၅၀၄၄၃၁၅.၂)သန်းနဲ့ (၁၁.၉)ရာခိုင်နှုန်းအထိ တိုးတက်ပြောင်းလဲရန် ရည်မှန်းထားကြောင်းကိုလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သားငါးကဏ္ဍ ထုတ်လုပ်မှုတန်ဖိုးတိုးတက်စေရန်အတွက် မျိုးကောင်း မျိုးသန့်တိရစ္ဆာန်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပြီးတော့မှ စီးပွားဖြစ်မွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းများကို ထွန်းကားလာစေခြင်း၊ ကျေးလက်နေပြည်သူတို့ရဲ့ အပိုဝင်ငွေ ရေရှိရေး အတွက် အထောက်အကူပြုလုပ်ငန်းတွေဖြစ်တဲ့ မွေးမြူရေးဆိုင်ရာနည်းပညာများ ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်အစာကို တန်ဖိုးနည်းနည်းနဲ့ အာဟာရအပြည့်အဝရရှိအောင် ကျွေးမွေးတတ်စေရန်အတွက် သင်တန်းများပို့ချပေးခြင်း၊ တိရစ္ဆာန်တွေမှာဖြစ်ပွားတတ်တဲ့ ရောဂါများ၊ ကူးစက်ရောဂါများကို ကြိုတင် ကာကွယ်ခြင်း၊ ကုသခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းကြောင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးနဲ့ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် အောင်မြင်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးနဲ့ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ဆောင်ရွက်ကြရာမှာ မွေးမြူရေးနဲ့ ကုသရေးဆိုင်ရာ လုပ်ငန်းများဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာ တည်ရှိနေကြောင်းကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေဖို့နဲ့ ကျေးလက်မှာနေတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် လာစေဖို့ ဆောင်ရွက်ကြရာမှာ မရှိမဖြစ်လိုအပ်တဲ့ အဓိကအထောက်အကူပြုမယ့် သူတွေကတော့ မွေးမြူရေး ဆိုင်ရာ ဆေးပညာရှင်များပဲဖြစ်ပါတယ်။ အဲဒါကြောင့် အရည်အသွေး ပြည့်ဝပြီး ကျွမ်းကျင်မှုရှိတဲ့ မွေးမြူရေးဆိုင်ရာ ဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် လုံလောက်အောင် ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း မွေးမြူထုတ်လုပ်သွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဟာ မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော မွေးမြူရေးဆိုင်ရာ ဆေးပညာရှင်များ မွေးထုတ်ပေးနေတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ အရင်ပညာရေးမူဝါဒအရ ၁၉၈၂- ၁၉၈၃ ခုနှစ်ကနေပြီးတော့ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အထိအောင်

ကျောင်းသား၊ ကျောင်းသူများကို တစ်နှစ်လျှင်(၁၅၀)နှုန်းနဲ့ ကျွန်တော်တို့ နှစ်စဉ်ပုံမှန် လက်ခံမွေးထုတ်ခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်ကနေ စတင်ပြီးတော့မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှာ (၁၂၅)ဦး၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှာ(၁၇၉)ဦး၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှာ (၂၄၈)ဦး၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်မှာ (၂၇၄)ဦး၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှာ (၂၈၈)ဦး၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ (၂၉၇)ဦး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ(၂၆၅)ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ (၂၈၆)ဦး စသည်ဖြင့် ကျွန်တော်တို့ လိုအပ်ချက်များအတိုင်း လက်ခံမွေးထုတ်ပေးခဲ့ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှာ လက်ရှိပညာ သင်ကြားနေကြတဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ရဲ့ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူတွေဟာဆိုလို့ရှိရင် ပထမနှစ်မှာ (၂၆၅)ဦး၊ ဒုတိယနှစ်မှာ(၂၆၃)ဦး၊ တတိယနှစ်မှာ(၂၈၃)ဦး၊ စတုတ္ထနှစ်မှာ(၂၅၀)ဦး၊ ပဉ္စမနှစ်မှာ(၂၂၄)ဦး စုစုပေါင်း(၁၂၈၅)ဦးခန့် ရှိကြောင်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရဲ့ မူလသင်ရိုးညွှန်းတမ်းဟာ (၆)နှစ်သင်ရိုးညွှန်းတမ်းဖြစ်ပါတယ်။ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်နောက်မှာ ကျွန်တော်တို့ ပညာသင်နှစ်ကို ချုံ့ပြီးတော့မှ (၅)နှစ်သင်ရိုးကို ပြောင်းလဲခဲ့ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ သင်ကြားတဲ့နေရာမှာ အချိန်လုံလောက်မှု မရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၀-၂၀၁၁လောက်မှာ (၆)နှစ်သင်ရိုးကို ပြန်ပြီးတော့ ပြောင်းခဲ့ပါတယ်။ အခု အဲဒါကြောင့်မို့လို့ ယခုလက်ရှိတက်နေတဲ့ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများဟာ ဆိုလို့ရှိရင် စာသင်နှစ်(၆)နှစ်မြောက်မှာမှ နောက်ဆုံးနှစ်ကို ရောက်ရှိကြမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ နောက်(၃)နှစ်ကြာခဲ့လို့ရှိရင် ယခု တက်ရောက်ပညာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၂၈၅)ဦးအပြင် မောင်မယ်သစ်လွင် ခန့်မှန်း (၂၅၀)ဦး ခန့်ကို ကျွန်တော်တို့ ထပ်ပေါင်းလို့ရှိရင် စုစုပေါင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ (၁၅၃၅) ဦးခန့် ကျွန်တော်တို့ တက်ရောက်နေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှာ ကျောင်းသား၊ ကျောင်းသူတွေ နေထိုင်ဖို့အတွက် အဆောင်(၄၈)ခန်းပါတဲ့ (၁၀)ဆောင် ရှိပါတယ်။ ကျွန်တော်တို့ နေခဲ့ကတည်းက (၁၀)ဆောင်ပဲ ဖြစ်ပါတယ်။ အဆောင်ပုံစံအရ (၄၈)ခန်းမှာ အောက်ထပ်ထိပ် Parlour ကို၊ (၄)ခန်းကို ကျွန်တော်တို့ ဧည့်တွေ့ခန်းလုပ်ထားတဲ့အတွက်ကြောင့် (၄၄)ခန်းပဲ အသုံးပြုလို့ရပါတယ်။ အဲဒါကြောင့်မို့လို့ (၄၄)ခန်းပါ အဆောင်(၁၀)ဆောင်ရှိပါတယ်။ အဲဒီမှာမှ (၂)ဆောင်မှာ ဆိုလို့ရှိရင် ဆရာ၊ ဆရာမများနဲ့ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ နေထိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ (၄၄)ခန်းပါ အဆောင်(၈)ဆောင်မှာ ကျောင်းသား၊ ကျောင်းသူ (၇၀၄)ဦးခန့်ပဲ နေထိုင်ပါတယ်။ နောက်ကျွန်တော်တို့ ဘွဲ့နှင်းသဘင်ခန်းမနားမှာဆိုလို့ရှိရင် ကုမုဒြာလို့ခေါ်တဲ့ တိုးချဲ့ဆောင်လေးမှာ ကျောင်းသူ(၄၃)ဦးခန့် နေထိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ စုစုပေါင်း(၇၄၇)ဦးခန့်နေထိုင်နိုင်တာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဘွဲ့ကြိုကျောင်းသား(၁၂၈၅)ဦးအနက်မှာ (၇၄၇)ဦး လောက်ပဲ အဆောင်ရရှိတဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့ (၅၀၀)ကျော်လောက်ကို အသုံးပြုဖို့အတွက် (၄၄)ခန်း အသုံးပြုလို့ရတဲ့ အဆောင်(၆)ဆောင်ခန့် ယခုအချိန်မှာလိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ (၅)နှစ်သင်ရိုးညွှန်းတမ်း ကနေပြီးတော့မှ (၆)နှစ်သင်ရိုးညွှန်းတမ်း ပြောင်းလဲခြင်းကြောင့် ၂၀၁၆-၂၀၁၇ မှာ ထပ်မံတိုးလာမယ့် ကျောင်းသူ၊ ကျောင်းသား(၂၅၀)ဦးခန့်ကို ထားဖို့အတွက်က နောက်ထပ် အဆောင်

(၃)ဆောင်လောက် ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ယခင်လိုအပ်သော အဆောင်(၆) ဆောင် နဲ့ပေါင်းပြီး (၃)နှစ်အတွင်းမှာ အဆောင် (၉)ဆောင် ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများဟာ စတုတ္ထနှစ် နဲ့ နောက်ဆုံးနှစ်များမှာ နယ်မြေဒေသကွင်းဆင်းလေ့လာရေး၊ ဆေးကုသရေးနဲ့ အသိပညာပေး ဆွေးနွေးမှုများကို ဆောင်ရွက်ရပါတယ်။ အဲဒီလိုဆောင်ရွက်ဖို့အတွက် ပြင်ပခရီးရှည် သွားရောက်တဲ့ အခါမှာ အသုံးပြုဖို့ ISUZU နဲ့ NISSAN အမျိုးအစား ဘတ်စ်ကား(၂)စီးရှိပါတယ်။ ကျွန်တော်တို့ တစ်စီးကို(၄၅)ဦးပဲဆန့်တဲ့အတွက်ကြောင့်မို့လို့ ဒီခရီးရှည်ထွက်တိုင်းမှာ ကျွန်တော်တို့ (၄)စီး ငှားရမ်း အသုံးပြုနေရကြောင်း တွေ့ရှိရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဘတ်စ်ကား (၄)စီးလောက် ထပ်မံ လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရဲ့ လက်တွေ့ဆောင်ရွက်ရတဲ့ Lab တွေဟာဆိုလို့ရှိရင် Physics, Chemistry Lab ၊ Botany, Zoology Lab ၊ Pathology, Micro Lab ၊ Parasite နဲ့ Pharmaco Lab ၊ Medicine Lab နဲ့ Surgical Lab နဲ့ Animal Science Lab တို့ဖြစ်ပါတယ်။ အဲဒီ Lab တွေဟာ ဆိုလို့ရှိရင်တော့ တကယ်တမ်းက ပညာသင်ကြားရေး သက်သက် အတွက်ပဲ ဖြစ်ပြီးတော့မှ နိုင်ငံတကာအဆင့်မီ သုတေသနများဆောင်ရွက်ရန်အတွက် ဆောင်ရွက် နိုင်ခြင်း မရှိပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ တိုးတက်ပြောင်းလဲနေတဲ့ မွေးမြူရေးဆိုင်ရာ ဆေးပညာ ရပ်များကို နိုင်ငံတကာနှင့် ယှဉ်ပြီးတော့မှ ဆောင်ရွက်နိုင်ဖို့ အဆင့်မြင့် သုတေသန ဓာတ်ခွဲခန်း Central Lab တစ်ခုလိုအပ်လျက်ရှိပါတယ်။ အဆင့်မြင့်သုတေသန ဓာတ်ခွဲခန်းရှိမှသာ ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်မဟာသိပ္ပံနဲ့ Ph.D သင်တန်းသားတွေဟာ နိုင်ငံတကာ အဆင့်မီ သုတေသန စာတမ်းများပြုစုဖို့ သုတေသနလုပ်ငန်းများဆောင်ရွက်ဖို့အတွက် လက်တွေ့လုပ်ဆောင်ချက် တွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားမှ တင်သွင်းလာတဲ့ တိရစ္ဆာန်ဆေးဝါးများ အဆင့်မီ၊ မမီ အစာများ အာဟာရပါဝင်မှု နှုန်းထား ကောင်း၊ မကောင်းနဲ့အဆင့်မီ၊ မမီ တို့ကိုလည်း စစ်ဆေးနိုင်မှာဖြစ်ပြီး Out-break ဖြစ်လာတဲ့အခါမှာဆိုလို့ရှိရင် ရောဂါရှာဖွေရေးအတွက်လည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ Central Lab များ ရှိခဲ့လို့ရှိရင် မွေးမြူရေးနဲ့ ကုသရေးနဲ့ ရောဂါရှာဖွေရေးကဏ္ဍများမှာ အကျိုးများစွာဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးနဲ့ ကုသရေးကဏ္ဍ အလျင်အမြန် တိုးတက်လာစေဖို့အတွက် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ လိုအပ်တဲ့ စာအုပ်စာတမ်း တွေနဲ့ အချက်အလက်တွေကို အလွယ်တကူ ရရှိနိုင်အောင်လို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒါမှ အချိန်နဲ့အမျှ တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကို အလွယ်တကူ လေ့လာသိရှိနိုင်မှာ ဖြစ်ပါတယ်။ ကိုးရီးယားနိုင်ငံရဲ့ အကူအညီနဲ့ e-Library တစ်ခု ဆောင်ရွက်နေတယ်လို့တော့ သိရှိရပါတယ်ခင်ဗျား။ ဒါပေမဲ့ အချိန်နည်းနည်း လုပ်ငန်းက နှေးကွေးနေတဲ့ အတွက်ကြောင့်မို့လို့ အချိန်တိုအတွင်းမှာ အဆင့်မီတဲ့ e-Library ဖြစ်ဖို့ဆိုတာ တွန်းအားပေးသင့်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးပြည့်ဝတဲ့ ကျွမ်းကျင်မှုအပြည့်ရှိတဲ့ မွေးမြူရေးဆိုင်ရာ ဆေးပညာရှင်တွေ မွေးထုတ်ပေးနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း ကောင်းမွန် ပြည့်စုံတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးဆောင်ရွက်ဖြည့်ဆည်းပေးဖို့ လိုမယ်လို့ ကျွန်တော်တို့ ယူဆတဲ့အတွက်

အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ တိုးတက်လာသော ကျောင်းသားဦးရေအရ ကျောင်းသူ၊ ကျောင်းသားများ နေထိုင်ရန် အဆောင်လုံလောက်မှု မရှိ၍ အဆောင်များ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း(၂)ကတော့ ကျောင်းသူ၊ ကျောင်းသားများ အဆင့်မြင့်စွာ ပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရေး အရည်အသွေးမြင့်မားလာစေရေးနဲ့ ခေတ်မီသုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့် သုတေသနဓာတ်ခွဲခန်း Central Lab တစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း(၃)ကတော့ ကျောင်းသူ၊ ကျောင်းသားများ ကွင်းဆင်းလေ့လာရေး ခရီးစဉ်များတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ် သစ်များ လုံလောက်အောင် ဝယ်ယူဖြည့်တင်းပေးရန် အစီအစဉ် ရှိ၊ မရှိတို့ကို သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်က အရှည်ပေ(၃၀၀)၊ အကျယ်(၁၈)ပေရှိတဲ့ ကရုပ္ပိချောင်းတံတားဟာ ကျေးရွာ(၁၁)ရွာနဲ့ လူဦးရေ(၁၅၀၀၀)ကို အကျိုးပြုနေတဲ့ တံတားလည်း ဖြစ်ပါတယ်။

အဆိုပါတံတားကို အသစ်တည်ဆောက်ခြင်းနဲ့ချဉ်းကပ်လမ်း တည်ဆောက်ခြင်းများအတွက် ကုန်ကျမယ့် ခန့်မှန်းကုန်ကျတဲ့ငွေကတော့ ကျပ်သန်း(၄၃၄.၇)သန်း ဖြစ်ပါတယ်။ မွန်ပြည်နယ်တွင်း လုပ်ငန်းများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ငွေကျပ် (၃၇၅၀.၂၄၁) သန်းဖြင့် ကတ္တရာလမ်း (၁၃)မိုင် (၅)ဖာလုံ၊ ကျောက်ချောလမ်း (၂၃)မိုင် (၁)ဖာလုံ၊ မြေသားလမ်း (၅၁) မိုင်နဲ့ သစ်သားတံတား (၁၂၅၅)ပေ၊ ရေပြွန် (၅၀၀)ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်မှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် (၇၃၃.၅၉၁)သန်းနဲ့ ကတ္တရာလမ်း (၆)မိုင်၊ ကျောက်ချောလမ်း (၁)မိုင် မြေသားလမ်း (၂)မိုင်နဲ့ သစ်သားတံတား (၄၂၀)ပေ ရေပြွန် (၆၀)ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ သံဖြူဇရပ်မြို့နယ် ကရုပ္ပိချောင်းကူးတံတား အသစ် ပြန်လည်တည်ဆောက်ရန်နဲ့ ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တံတားပြုပြင်ရန် ငွေကျပ် (၂၈.၂)သန်းကို ၂၀၁၄-၂၀၁၅ မူလဘတ်ဂျက်မှာ ခွင့်ပြုပြီး ဖြစ်ပါတယ်ခင်ဗျား။

သို့ပါ၍ ထပ်မံလိုအပ်တဲ့ ငွေကျပ်(၄၀၆.၅)သန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ဦးစားပေးအစီအစဉ်နဲ့ တင်ပြတောင်းခံ ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်းရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး ကျောင်းသား၊ ကျောင်းသူ (၂၅၀)ဦး တိုးမြှင့် လက်ခံခြင်းနဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး စာသင်နှစ်ကို (၅)နှစ်မှ (၆)နှစ်သို့ တိုးမြှင့်သင်ကြားပေးတဲ့အတွက်ကြောင့်မို့လို့ ယခုလက်ရှိ ကျောင်းသား၊ ကျောင်းသူ (၁၂၇၅)ဦး ရှိရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ (၁၅၅၂)ဦးထိ ရှိလာမှာ ဖြစ်ပါတယ်။ ယခု လက်ရှိမှာ လူဦးရေ (၉၆)ဦးဆံ့ အိပ်ဆောင် (၉)ဆောင်ရှိတဲ့အတွက် ကျောင်းသား (၄၈၀)ဦး နေထိုင်နိုင်တဲ့ အိပ်ဆောင်(၅)ဆောင်၊ ကျောင်းသူ (၃၈၄)ဦး နေထိုင်နိုင်တဲ့ အိပ်ဆောင် (၄)ဆောင် ရှိပြီး ဖြစ်ပါတယ်။ လိုအပ်လျက်ရှိနေတဲ့ ကျောင်းသား (၃၈၈)ဦးနဲ့ ကျောင်းသူ (၃၀၀)ဦးအတွက် လူဦးရေ (၂၀၀)ဆံ့ အဆင့်မြင့်နှစ်ထပ် အိပ်ဆောင် (၃)ဆောင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမှာ တင်ပြတောင်းခံပြီး ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်စွာပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရေး အရည်အသွေး မြင့်မားလာစေရေးနဲ့ အဆင့်မြင့်ခေတ်မီသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြင့်သုတေသနဓာတ်ခွဲခန်း Central Lab တစ်ခု ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံသွားမှာ ဖြစ်ပြီးတော့ အဆိုပါ အဆင့်မြင့်သုတေသန ဓာတ်ခွဲခန်း အတွက် ဓာတ်ခွဲခန်းသုံး ပစ္စည်းတချို့ကိုလည်း ဝယ်ယူထားရှိပြီး ဖြစ်တဲ့အပြင် သင်ကြားလေ့ကျင့်ပေးမယ့် ဆရာ၊ ဆရာမများရဲ့ အရည်အသွေး မြှင့်တင်ရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများမှာ ပို့လွှတ်ပြီးတော့မှ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများ ကွင်းဆင်းလေ့လာရေး ခရီးစဉ်မှာ အသုံးပြုဖို့အတွက် မော်တော်ယာဉ်များ မလုံလောက်တဲ့အတွက် မော်တော်ယာဉ်အသစ်များ လုံလောက်အောင် ဝယ်ယူဖြည့်တင်းပေးရန်အတွက်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)များ ငှားရမ်းသုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)များ ငှားရမ်းသုံးစွဲခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဒီကနေ့ မေးမယ့်မေးခွန်းကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းများ ငှားရမ်းသုံးစွဲတာနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့မှ အများပြည်သူတွေ ဆက်သွယ်ပြောဆိုမှု အဆင်ပြေစေဖို့အတွက်ကို အော်တိုတယ်လီဖုန်းတွေကို ယခင်ကတည်းကနေပြီးတော့ ငှားရမ်းပြီးတော့မှ သုံးစွဲခွင့်ပြုခဲ့ပါတယ်။ ဒီအတွက်လည်း ပြည်သူတွေ အားလုံး ဆက်သွယ်ပြောဆိုရတာလေးတွေ အဆင်ပြေခဲ့မှု ရှိပါတယ်။ ဒီထဲမှာ မိသားစုတွေနဲ့ ဝေးကွာပြီတော့မှ တစ်နယ်တစ်ကျေးမှာ တာဝန်သွားထမ်းဆောင်နေရတဲ့ ဝန်ထမ်းများလည်း ပါ ပါတယ်။ ဆက်သွယ်ပြောဆိုရတာလည်း အဆင်ပြေပါတယ်။ ဝန်ထမ်းတွေရဲ့ သဘောသဘာဝကတော့ တစ်နေရာမှာ အမြဲတမ်းနေရတာ မဟုတ်ဘဲနဲ့ အချိန်ကာလအရ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့ရတာလေးတွေ ရှိပါတယ်။ ဒီလိုပြောင်းရွှေ့တဲ့အခါမှာ ဆက်သွယ်ရေးရုံးမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကနေပြီးတော့မှ ငှားရမ်းထားတဲ့ အော်တိုတယ်လီဖုန်းလေးတွေကို ကိုယ့်နေရာကို နောက်ထပ်ပြောင်းလာတဲ့လူကို မူလကနဦးတပ်ဆင်ခ နှုန်းထားအတိုင်း လက်ဆင့်ကမ်းလွှဲပြီးတော့ ဖုန်းကိုတော့ နေရာမရွှေ့ဘဲနဲ့ လက်ဆင့်ကမ်း အသုံးပြုတဲ့အခါကျတော့ အဆင်ပြေပါတယ်။

သို့သော်လည်းပဲ ခု နောက်ပိုင်း တစ်နှစ်ခွဲကာလအတွင်းမှာတော့ တန်ဖိုးနည်း (၁၅၀၀) တန် GSM၊ CDMA၊ WCDMA ဖုန်းတွေ ပေါ်လာတဲ့အခါကျတော့ နောက်ပြောင်းလာတဲ့လူကလည်း ဒီဖုန်းနဲ့ပတ်သက်ပြီးတော့မှ တန်ဖိုးက ကွာဟသွား ပါတယ်။ အော်တိုတယ်လီဖုန်းဆိုလို့ရှိရင် (၆)သိန်းခွဲ (၁၀)သိန်းလောက် ဖြစ်သွားပါတယ်။ မိုဘိုင်းဖုန်း လေးတွေကျတော့ ၁၅၀၀ ဆိုတော့ ဈေးကွာသွားတဲ့ အခါကျတော့ နောက်ရောက်လာတဲ့ လူကလည်း ဒီဥစ္စာကို လက်လွှဲယူဖို့အတွက်ကို သူ့အနေနဲ့လည်း သိပ်စိတ်မဝင်စားတော့သလို ဖြစ်သွားပါတယ်။ နောက်တစ်ခု ပြောင်းရွှေ့ရမယ့်လူကလည်း ဒီဖုန်းကို သယ်ဆောင်သွားဖို့က မိုဘိုင်းဖုန်းလို မဟုတ်တဲ့အတွက် သယ်ဖို့ကလည်း အခက်အခဲ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် မေးခွန်း (၂)ခု မေးမြန်းလိုပါတယ်။

ပထမတစ်ချက်ကတော့ အော်တိုတယ်လီဖုန်းတွေကို မူလကနဦး အမည်ပေါက် ငှားရမ်းထားတဲ့နေရာမှာ ပြန်လည်အပ်နှံမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကနဦး တပ်ဆင်ခနှုန်းထားအတိုင်း နှုန်းထားကို ပြန်လည်ပေးနိုင်ပါ့မလား ပေးမယ်ဆိုလို့ရှိရင်လည်း ဘယ်လိုအစီအစဥ်နဲ့ဘယ်လိုတင်ပြပြီးတော့မှ ဆောင်ရွက်ရပါ့မလဲ၊ တကယ်လို့မရဘူးဆိုလို့ရှိရင်လည်း ဘယ်လိုအခြေအနေကြောင့် မရဘူးဆိုတာလေး သိချင်ပါတယ်။ ဒါကတော့ ပထမ တစ်ချက်ပါခင်ဗျား။ ဒုတိယမေးခွန်းကတော့ တကယ်လို့ ဒီကြိုးဖုန်းကိုပဲ ကျွန်တော်တို့ ပြောင်းရွှေ့တဲ့နေရာ သို့မဟုတ် မိသားစုတွေ ရှိတဲ့နေရာကို ပြောင်းရွှေ့ချင်တယ်ဆိုလို့ရှိရင်ရော ဘယ်လိုအစီအစဥ်နဲ့ ဆောင်ရွက်လို့ရပါသလဲ အဲဒီကျလို့ရှိရင်လည်း ငွေကြေး ဘယ်လောက်ကုန်ကျခံပြီးတော့မှ ထပ်ပြီးတော့မှ ဆောင်ရွက်ပါမယ်၊ ဒါမှမဟုတ် မရနိုင်ဘူးဆိုလို့ရှိရင်လည်း ဘာကြောင့် မရလဲဆိုတာကို ရေရေရာရာလေး သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တယ်လီဖုန်းသုံးစွဲမှု(Teledensity)အတွက် နောင်အနာဂတ်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး နေအောင်ဦး က တယ်လီဖုန်းသုံးစွဲမှု(Teledensity)အတွက် နောင်အနာဂတ်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်မှူးနေအောင်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၃၁၉၃၃ ဗိုလ်မှူးနေအောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တယ်လီဖုန်း သုံးစွဲမှု (Teledensity)အတွက် နောင်အနာဂတ်မှာ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလို၍ မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ လူဦးရေ သန်းခြောက်ဆယ်ကျော်ခန့် ရှိတယ်လို့သိရှိရပါတယ်။ နိုင်ငံအတွင်းရှိ လူဦးရေအရ ဖုန်းတစ်လုံးလျှင် လူတစ်ဦးကျကိုင်တွယ်အသုံးပြုနိုင်မည်ဆိုပါက ပြည်သူများ ဆက်သွယ်မှု ကောင်းမွန်လာတာနဲ့အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ အထောက်အကူ ပြုနိုင်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံမှာ ၂၀၁၃ ခုနှစ် ဇွန်လ ထုတ်ပြန်တဲ့ စာရင်းအရ တယ်လီဖုန်းသုံးစွဲမှုမှာ စုစုပေါင်း လူဦးရေ (၈၅.၂၁)ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှာ (၂၈) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှာ (၃၆.၆) ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာ (၄၈.၂)ရာခိုင်နှုန်းနဲ့ အိန္ဒိယနိုင်ငံမှာ (၇၄.၀၂)ရာခိုင်နှုန်း ဖြစ်ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း လူဦးရေအရ နှစ်အကန့်အသတ်အလိုက် တယ်လီဖုန်း အသုံးပြုမှုအနေနဲ့ မည်သည့်ခုနှစ်တွင် လူဦးရေ မည်မျှ အသုံးပြုနိုင်မည်၊ နောင်တိုးတက်

လာမည့် လူဦးရေအတွက် မည်ကဲ့သို့ အစီအမံများ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်သတင်းစာနဲ့ မီဒီယာများမှာ စားသုံးဆီလျှော့စားရန်၊ အချိုမှုန့်ရှောင်ကြဉ်ရန် အစရှိသဖြင့် ပညာပေးဆောင်းပါး ဇာတ်လမ်းတိုများဖြင့် ဖော်ပြထားသလို တယ်လီဖုန်းနဲ့ပတ်သက်တဲ့ ဆောင်ရန် ရှောင်ရန် အချက်များကို ပြည်သူများ သိရှိစေရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို သိရှိလိုပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့ပြနဲ့ကျေးလက်ဒေသများပါမကျန် တယ်လီဖုန်း အသုံးပြုနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို ပြည်သူများ အကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုးရဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း (ကြိုးဖုန်း)များ ငှားရမ်းသုံးစွဲခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ဗိုလ်မှူးကြီး ခုန တင်ပြတဲ့ကိစ္စလေးက မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကြိုးဖုန်းနဲ့ မိုဘိုင်း ဖုန်းတွေ ပေါ်ပေါက်လာတဲ့အခါမှာ သုံးစွဲသူတွေအနေနဲ့ ကြုံတွေ့ရတဲ့ အဆင်မပြေမှုလေးတွေ ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စတွေကို ကျွန်တော်တို့ နားလည်ရပါတယ်ခင်ဗျ။ ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။

အဲဒီတော့ ခု အထူးသဖြင့်တော့ မိုဘိုင်းဖုန်းတွေ ခေတ်မီပြီးတော့ သုံးစွဲမှု အဆင်ပြေ လာတဲ့အခါမှာ အထူးသဖြင့် နောက်ပိုင်း နိုင်ငံတွေ ပေါ့လေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ Fixed Line ကြိုးဖုန်းကို မသုံးသလောက် ဖြစ်လာပြီးတော့ မိုဘိုင်းဖုန်းကိုပဲ အဓိက သုံးလာပါတယ်။ ဒါ့အပြင် ဆက်သွယ်ရေးနည်းစနစ်တွေ ပြောင်းလဲလာတဲ့အခါမှာ အင်တာနက်က ပိုမိုပြီးတော့ အဆင်ပြေလာတဲ့ အခါမှာ အသံပေါ့ Voice Network အစား Data Network ကို ပိုအားပြုပြီး သုံးစွဲလာတာ တွေ့ရပါတယ်။ ဒါကတော့ ဆက်သွယ်ရေးနည်းစနစ်နဲ့ နည်းပညာတိုးတက်မှုအပေါ်မှာ မူတည်ပြီး ပြောင်းလဲသွားတဲ့ အခြေအနေပါခင်ဗျား။ လက်ရှိအခြေအနေလေးကို ဆက်လက်တင်ပြပါရစေခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အော်တိုတယ်လီဖုန်း၊ ကြိုးဖုန်း တပ်ဆင်ပေးတဲ့ အခါမှာ ကျွန်တော်တို့ မိုဘိုင်းဖုန်းနဲ့ မတူတဲ့အချက်က အိတ်စ်ချိန်းတစ်ခု တည်ထောင်ရပါတယ်။ စက်ပစ္စည်းတွေ တပ်ဆင်ရပါတယ်။

ဒါ့အပြင် မိုဘိုင်းဖုန်းဆိုရင်တော့ တာဝါတိုင်နဲ့ စက်ပစ္စည်း တပ်ဆင်ပြီးရင် ကျွန်တော်တို့က (၅)မိုင်ပတ်လည်လောက်ကို ချက်ချင်းသုံးစွဲလို့ ရပါတယ်ခင်ဗျား။ ကြိုးဖုန်းကျလို့ ရှိရင်တော့ ကျွန်တော်

တို့က အိတ်စ်ချိန်းတည်ဆောက်ပြီးရုံတင်သာမကဘဲနဲ့ သုံးစွဲမယ့်သူ တစ်ဦးချင်းဆီကိုရောက်အောင် ကြိုးနဲ့ထပ်ပြီးဆွဲရပါမယ်။ များသောအားဖြင့် Copper Wire သုံးရပါတယ်။ အကယ်၍ တိုင်မရှိလို့ ရှိရင် တိုင်တစ်ခါ ထပ်တပ်ဆင်ရပါတယ်။ ဒါကြောင့်မို့လို့ အော်တိုတယ်လီဖုန်း ကြိုးဖုန်းတပ်ဆင်တဲ့ ကိစ္စက ကုန်ကျစရိတ် ပိုမိုများပြားပါတယ်။ အဲဒ့ါအပြင် Copper Wire တွေရဲ့ သုံးစွဲတာ ကြာမြင့်လာတဲ့အခါမှာ ပြန်လည်လဲလှယ်ရမှု ကိစ္စရှိပါတယ်။ အထူးသဖြင့် မိုးတွင်းဆိုလို့ရှိရင် ကြေးညှိတက်တာနဲ့ ရာသီဥတုဒဏ်ကြောင့် အထူးသဖြင့် ကြိုးဖုန်းတွေက ပိုမိုပြီး သုံးစွဲရတာ အဆင်မပြေမှု ကြုံရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းအင်အားနဲ့ ပိုမိုသုံးစွဲပြီးတော့ Maintenance ကိစ္စပေါ့ခင်ဗျ။ ကြံ့ခိုင်ရေးကိစ္စတွေအတွက် နောက်ထပ် ပိုသုံးစွဲရပါတယ်ခင်ဗျား။ အဲဒီတော့ အကျဉ်းချုံး တင်ပြရမယ်ဆိုရင် မိုဘိုင်းဖုန်းက ကနဦး တပ်ဆင်ပြီးလို့ရှိရင်တော့ လွယ်လွယ်ကူကူ အဆင်ပြေပြေ သုံးစွဲလို့ရပေမယ့် ကြိုးဖုန်းအတွက် ဆိုလို့ရှိရင်တော့ ကနဦး တပ်ဆင်ခလည်း များပါတယ်။ အဲဒ့ါအပြင် တစ်ဦးချင်းဆီ ရောက်အောင် တပ်ဆင်ရတာဖြစ်တဲ့ အတွက်ကြောင့် အချိန်လည်း ကြာပါတယ်ခင်ဗျား။ အဲဒီတော့ အဲဒါက ကနဦး တပ်ဆင်ခက ဒါကြောင့် ကြိုးဖုန်းက ပိုများပြားခြင်းဖြစ်ပါတယ် ခင်ဗျား။ သို့ပေမဲ့ ကျွန်တော်တို့အနေနဲ့ ကြိုးဖုန်း လက်ရှိ တပ်ဆင်ခ ကို ထပ်မံလျှော့ချသွားဖို့တော့ အစီအစဉ်များ ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျာ။ တခြားနိုင်ငံတကာအနေနဲ့လည်း ကြိုးဖုန်း ဆိုလို့ရှိရင်တော့ ကနဦးတပ်ဆင်ခကို တောင်းဆိုလေ့ရှိပါတယ်ခင်ဗျား။ ဒါနဲ့ ခုနကတင်ပြသလို ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ တောင်းဆိုလေ့ရှိပြီးတော့ ကျွန်တော်တို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေကတော့ များသောအားဖြင့် ကြိုးဖုန်းအစား အင်တာနက်ဘက်ကို တစ်ခါတည်း သွားလိုက်ပြီး အင်တာနက်ကနေတစ်ဆင့် VOIP ပုံစံတွေ သုံးစွဲနေတာကို တွေ့ရပါတယ် ခင်ဗျား။ အဲဒါမျိုးနိုင်ငံတွေကျလို့ရှိရင်တော့ ကြိုးဖုန်း ဆိုတာမျိုး သီးခြားကျွန်တော်တို့ ကောက်ခံခြင်း မရှိတော့ဘဲနဲ့ သူက pacakage ပုံစံအနေနဲ့ တွဲပြီးတော့ ကောက်ခံတာမျိုး တွေ့ရပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဗိုလ်မှူးကြီး ရဲ့ မေးခွန်း ကနဦး တပ်ဆင်ခ ပြန်လည်ထုတ်ပေးဖို့ဆိုတဲ့ ကိစ္စလေးကတော့ ကျွန်တော်တို့ စီစဉ်ပေးနိုင်ခြင်း မရှိသေးဘူး ဆိုတာလေး ပြန်ကြားပါရစေခင်ဗျား။

သို့ပေမဲ့ အော်တိုတယ်လီဖုန်းရဲ့ တပ်ဆင်ခများပြားပေမယ့် သူက သုံးစွဲတဲ့အခါမှာတော့ ကုန်ကျစရိတ်၊ ခေါ်ဆိုခမှာ အများကြီးသက်သာပါတယ်ခင်ဗျား။ လက်ရှိခေါ်ဆိုခဆိုလို့ရှိရင် မိုဘိုင်းဖုန်း ဆိုရင် တစ်မိနစ်ကို (၅၀)ကျပ် ကျပါတယ်ခင်ဗျား။ ဘယ်ကိုပဲခေါ်ခေါ်ပါ။ ကြိုးဖုန်းဆိုလို့ရှိရင်တော့ မြို့တွင်း ဆိုရင်တော့ (၁၅)ကျပ် ပဲကျပါတယ်။ ပြီးတော့ ကိုယ့်မြို့ထဲမဟုတ်ဘဲနဲ့ တခြား trunk call ခေါ်တယ် ခေါ်ရင်တော့ အစိတ်ပဲကျပါတယ်ခင်ဗျား။ အဲဒီတော့ သုံးပုံတစ်ပုံက တစ်ဝက်လောက်ပဲ ကုန်ကျတာ ရှိပါတယ်။ အဲဒီတော့ ကြိုးဖုန်းနဲ့မိုဘိုင်းဖုန်းမှာ ကျွန်တော်တို့ Technology မတူတဲ့ အတွက်ကြောင့်၊ ကုန်ကျစရိတ်တွေမတူတဲ့အတွက်ကြောင့် ကနဦးကုန်ကျစရိတ် သက်သာတာ ရှိပါတယ် မိုဘိုင်းဖုန်းက။ သို့ပေမဲ့ ပုံမှန်သုံးစွဲတဲ့အခါမှာတော့ ကြိုးဖုန်းက ပိုသက်သာတာရှိပါတယ်။ အားသာချက်၊ အားနည်းချက်များကတော့ ရှိသွားတာ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကတော့ အော်တိုတယ်လီဖုန်းကြိုးဖုန်းတပ်ဆင်ပေးနိုင်တဲ့ မိသားစုရှိတဲ့ နေရာ သို့မဟုတ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လို့ရှိရင် ကြိုးဖုန်းကို ရွှေ့ပြောင်းယူဆောင်ခွင့် ရ/မရနဲ့ မည်ကဲ့သို့ဆောင်ရွက်မည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခုနကတင်ပြသလိုပါခင်ဗျား။ တကယ့် Mature Market ပေါ့။ တကယ်လို့ ပြည့်စုံပြီး ရင့်ကျက်သွားပြီးတဲ့ဈေးကွက်တွေမှာဆိုလို့ရှိရင်တော့

ကြိုးဖုန်း ရှိပြီးသားဆိုလို့ရှိရင် သူတို့က Capacity ပေါ့လေ။ တပ်ဆင်ထားတဲ့အရေအတွက်ကလည်း သုံးစွဲသူကို နိုင်နိုင်နင်းနင်းပေးဆောင်နိုင်တဲ့ အခြေအနေမျိုးရှိသွားပါပြီ။ အဲဒါဆိုလို့ရှိရင်လည်း ဒီကနေပြီးတော့ နောက်တစ်နေရာ ပြောင်းမယ်ဆိုလို့ရှိရင်လည်း သူက ဆောင်ရွက် ပေးနိုင်စွမ်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေကတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ အိတ်ချိန်းတပ်ဆင်ထားတဲ့ အကန့်အသတ်လည်းရှိပါတယ်။ တပ်ဆင်ထားတဲ့ အရေအတွက်ကိုလည်း ကျွန်တော်တို့က အပြည့်အဝ ပေးထားပြီးသားဖြစ်နေပါတယ်ခင်ဗျား။ ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့က လက်ရှိဒီနေရာကနေ နောက်တစ်နေရာကိုပြောင်းရွှေ့တယ်ဆိုလို့ရှိရင်လည်း တပ်ဆင်ပေးနိုင်ခြင်းမရှိသေးဘူး ဖြစ်နေပါတယ် ခင်ဗျား။

သို့ပေမဲ့ ကျွန်တော်တို့ မကြာခဏတင်ပြခဲ့သလို ကျွန်တော်တို့အနေနဲ့ ဈေးကွက်စီးပွားရေး အရ အခုဆိုလို့ရှိရင် အော်ပရေတာများပေါ်ပေါက်လာပါပြီ။ အဲဒီတော့ ဩဂုတ်၊ စက်တင်ဘာ လောက်ဆိုရင် ဒီနှစ် အတွင်းမှာပဲ စတင်ပြီးတော့ သူတို့ရောင်းချသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ဈေးကွက် စီးပွားရေးရဲ့ သဘောသဘာဝအတိုင်း ယှဉ်ပြိုင်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် မကြာခင် ကာလမှာတော့ ကျွန်တော်တို့ လိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ် ခင်ဗျား။ အဲဒီအချိန်ဆိုလို့ရှိရင်တော့ ခုနက Customer ပေါ့နော်။ ဒီသုံးစွဲသူတွေရဲ့ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်း ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး နေအောင်ဦးရဲ့ တယ်လီဖုန်းသုံးစွဲမှု နောင်အနာဂတ်အခြေအနေလေးကို မေးမြန်းသွားပါတယ်ခင်ဗျား။ အဲဒါက မှန်ပါတယ်ခင်ဗျား။ လက်ရှိအခြေအနေမှာတင်ပြရရင် ပြီးခဲ့တဲ့နှစ်ပေါ့၊ ခုနက ဗိုလ်မှူးက ၂၀၁၃ ခုနှစ် တခြားနိုင်ငံရဲ့ Teledensity ကိစ္စလေးတွေနဲ့ နှိုင်းယှဉ်ပြီးပြောသွားပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့က ၂၀၁၃ ခုနှစ် အခြေအနေအရ ပြောရရင် မြန်မာနိုင်ငံက တစ်ကမ္ဘာလုံး အတိုင်းအတာမှာ နှိုင်းယှဉ်ရင် အောက်ကနေရေရင် ဒုတိယအဆင့် ဖြစ်နေပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဆိုရင် ကျွန်တော်တို့က (၇) ရာခိုင်နှုန်း၊ (၈)ရာခိုင်နှုန်းပဲ ရှိပါတယ်ခင်ဗျား။ ခုနက ဗိုလ်မှူးတင်ပြသွားသလို သိပ်ဆင်းရဲတဲ့၊ နိမ့်ကျတဲ့၊ သေးငယ်တဲ့နိုင်ငံတွေတောင်မှ ကျွန်တော်တို့ (၃၀)၊ (၄၀)၊ (၅၀) ရာခိုင်နှုန်း ဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က Telecom Reform Plan ဆိုပြီးတော့ ကျွန်တော်တို့က ဆောင်ရွက်ပြီးတော့ ဖြေလျှော့ခြင်းပုံစံနဲ့ စတင်ဆောင်ရွက်ပါတယ်။ အဲဒီတော့ ကြားထဲမှာလည်း ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ပေါ့လေ။ ကျွန်တော်တို့ တတ်နိုင်စွမ်းသလောက် အတတ်နိုင်ဆုံး ကိုယ်လုပ်နိုင်တာနဲ့ ထပ်မံချဲ့ထွင်သွားတာ ၂၀၁၃၊ ဧပြီကစပြီးတော့ လစဉ် (၃) သိန်းခွဲနဲ့ (၄) သိန်းကြား မိုဘိုင်းဖုန်းတွေရောင်းချသွားပါတယ်။ အဲဒါကြောင့် အခု၂၀၁၄ ဘဏ္ဍာရေးနှစ်ပေါ့။ ဒီမတ်လ (၃၁) အကုန်မှာဆိုလို့ရှိရင် ကျွန်တော်တို့ (၁၄.၈) ရာခိုင်နှုန်း ရှိလာပါပြီ။

ဒီအချက်အလက်တွေအရဆိုလို့ရှိရင် ကျွန်တော်တို့က တစ်ကမ္ဘာလုံးအတိုင်းအတာမှာ ခုနက အောက်ဆုံးက ရေလို့ရှိရင် ပြီးခဲ့တဲ့နှစ်က ဒုတိယပဲရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ကျွန်တော်တို့ အောက်မှာ (၄) နိုင်ငံ ရှိသွားပါပြီ။ ပြောရမယ်ဆိုရင် မလုံလောက်သေးပါဘူးခင်ဗျား။ ကျွန်တော်တို့ အများကြီး ဆက်ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်အနေနဲ့ထား ထားတာကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပေါ့ခင်ဗျ။ အဲဒီမှာဆိုလို့ရှိရင် တယ်လီဖုန်း Density ကို (၅၀) ရာခိုင်နှုန်း

အထိ ရည်မှန်းထားပါတယ်။ တော်တော်လေး များပြားပါတယ်။ အင်မတန် ရည်မှန်းချက် ကြီးကြီးနဲ့ လုပ်ထားတာဖြစ်ပါတယ်။ သာမာန်အားဖြင့်တော့ (၅၀) ရာခိုင်နှုန်းအထိ ရောက်ဖို့ပေါ့။ (၁၀) ရာခိုင်နှုန်း အောက်ကနေ (၅၀)ရာခိုင်နှုန်းအထိရောက်ဖို့ဆိုရင် အိမ်နီးချင်းနိုင်ငံအနေနဲ့ တခြားနိုင်ငံတွေရဲ့ အခြေအနေအရဆိုရင် History ကို ပြန်ကြည့်မယ်ဆိုရင် (၃)နှစ်ကနေ (၅)နှစ်လောက် ဆောင်ရွက်ကြရ လေ့ရှိပါတယ်။ ကျွန်တော်တို့ကတော့ အကြမ်းဖျင်းအားဖြင့် တစ်နှစ်လောက်နဲ့ ပြီးအောင် လုပ်ကြရမယ့် သဘောမျိုးဖြစ်ပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးအနေနဲ့လည်း တတ်စွမ်းသရွေ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

အဲဒါအပြင် International Operator နှစ်ဦးပေါ့။ ရွေးချယ်ပြီးဖြစ်ပါတယ်။ သူတို့လက်ရှိ ပြင်ဆင်နေပြီဖြစ်ပါတယ်။ သူတို့က ဩဂုတ်နဲ့စက်တင်ဘာလောက်ဆို စတင်ရောင်းချမှာဖြစ်ပါတယ်။ အဲဒါ အပြင် ပြည်တွင်းနိုင်ငံသားပိုင် အော်ပရေတာတစ်ဦးကလည်း မကြာခင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ မူလရည်မှန်းထားတဲ့ Teledensity (၅၀) ရာခိုင်နှုန်း ရှိဖို့ အတွက် ပြည့်မီနိုင်မယ်လို့ကျွန်တော်တို့မျှော်လင့်ပါတယ်ခင်ဗျား။ အခုသူတို့ စတင်ရောင်းချပြီဆိုတာနဲ့ အင်နဲ့အားနဲ့ ဈေးကွက်စီးပွားရေးအတိုင်းပဲ ယှဉ်ပြိုင်ရောင်းချမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည့်မီမယ်လို့ မျှော်လင့်ထားပါတယ်။ ၂၀၁၅-၂၀၁၆ မှာဆိုရင်တော့ တယ်လီဖုန်းသိပ်သည်းဆကို (၇၅) နဲ့ (၈၀) ရာခိုင်နှုန်းအထိရောက်အောင် ကျွန်တော်တို့ ရည်မှန်းထားပါတယ်ခင်ဗျား။ အဲဒီတော့ နောက် (၂)နှစ်လောက်အတွင်းဆိုလို့ရှိရင်တော့ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံတွေနဲ့ သိပ်မကွာဘဲနဲ့ ရောက်ရှိလာ ပါမယ်။ ခုနက တင်ပြသလို ကျွန်တော်တို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုလို့ရှိရင်တော့ အောက်ဆုံးက ရေတွက်မယ့်အစား အပေါ်ကနေ ရေတွက်တဲ့ပုံစံမျိုးလေးအထိ ရောက်လာမယ်လို့ မျှော်လင့်ထား ပါတယ်။

နောက် ဗိုလ်မှူး ဆက်လက်တင်ပြသွားတဲ့ တယ်လီဖုန်းနဲ့ပတ်သက်တဲ့ အသိပညာပေးကိစ္စတွေ ကို မီဒီယာများမှတစ်ဆင့် အသိပေးဖို့အကြံပြုတင်ပြသွားတာမှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့အနေနဲ့ တယ်လီဖုန်း နဲ့ပတ်သက်လို့ရှိရင် တယ်လီဖုန်း အခု သုံးစွဲမှုများလာတာနဲ့အမျှ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အန္တရာယ်လေးတွေလည်း ရှိလာပါတယ်။ တချို့မကြာသေးခင်ကပဲ ကျွန်တော်တို့ သတင်းစာထဲမှာ တွေ့ရသလို လျှပ်စီးလက်တဲ့အချိန်၊ မိုးကြိုးပစ်တဲ့ အချိန်မှာ သတိထားသင့်တဲ့ကိစ္စတွေ၊ နောက်တစ်ခုက လက်ကရေစိုနေတဲ့အချိန်မှာဖုန်းကို အားသွင်းတဲ့အတွက်ကြောင့် ဓာတ်လိုက်တဲ့ ကိစ္စမျိုးလေးတွေ၊ နောက် ဒီအမျိုးသားလွှတ်တော်မှာ တစ်ခါလာဖြေခဲ့ဖူးတဲ့ Handphone တွေက စနစ်နဲ့ မကိုက်ညီတဲ့ Handphone တွေ ဖြစ်ခဲ့လို့ရှိရင် ကျန်းမာရေးထိခိုက်နိုင်တဲ့ ကိစ္စလေးတွေက အများကြီး ရှိပါတယ် ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အဲဒါလေးတွေကို ခုနက အကြံပြု တင်ပြတာတွေက အင်မတန် ကောင်းပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒါလေးတွေကို မီဒီယာလေးတွေကတစ်ဆင့် ပြည်သူများသိအောင် အသိပညာပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုလတ်တလောအနေနဲ့ တနင်္ဂနွေနေ့တိုင်းမှာ အချပ်ပိုကဏ္ဍမှာ ကျွန်တော်တို့ဆက်သွယ်ရေး ကဏ္ဍရဲ့ ဆောင်ရွက်နေတဲ့ကိစ္စလေးတွေ စတင်တင်ပြလျက် ရှိပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦး ရဲ့ တယ်လီဖုန်း သုံးစွဲမှု Teledensity မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်က အများပြည်သူ သိရှိသင့်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့အတွက် ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမား ရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက်-

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး

ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆

၆။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၆။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၃၈နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့် အထက် ထပ်မံ၍ဖောက်ဖျက်ကျူးလွန်မှု အသီးသီးအတွက် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇

၇။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၇။ မည်သူမဆို ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက် ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့်အထက် ထပ်မံ၍ ဖောက်ဖျက် ကျူးလွန်မှုအသီးသီးအတွက် ထိုသူကို နှစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၈

၈။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့်အထက် ထပ်မံ၍ ဖောက်ဖျက် ကျူးလွန်မှု အသီးသီးအတွက် ထိုသူကို နှစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၉

၉။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူ မဆို ပုဒ်မ ၄၃-ကပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှု အတွက် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့် အထက် ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်မှု အသီးသီးအတွက် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ လျော်ကြေး ပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက တရားရုံးကချမှတ်သည့်ငွေဒဏ်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၀

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၄ ၏ နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

၅၄-က။ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်သဖြင့် အရေးယူရမည့်ကိစ္စမှအပ ဤဥပဒေအရ အရေး ယူရန်ကိစ္စများသည် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

အပိုဒ် ၁၊ ၂၊ ၃၊ ၄၊ ၅ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုထားရှိချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန်အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြုထားသဖြင့်လည်းကောင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက်-

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတွင်ပါရှိသော လာဘ်ပေးလာဘ်ယူမှု ဆိုသည့် စကားရပ်ကို အဂတိလိုက်စားမှု ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဆိုသည့် စကားရပ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၃

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၄ အား အောက်ပါအတိုင်း အစားထိုးရမည် -

၁၄။ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေး အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင် ပြောင်းလဲခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၄

၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၇၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇၀ (က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့် အဖြစ်လည်းကောင်း သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)နှင့်အညီ သတ်မှတ်သော အဆင့်အတန်း နှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့် ရှိစေရမည်။

(ဂ) ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည် ဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၄) ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]